# ဃန (၄) မျိုး

- တစ်စုတည်း တစ်တွဲတည်း စုပြီး, တွဲပြီး, ခဲပြီး ရုပ်နာမ်တရားများ ဖြစ်နေခြင်းကို "ဃန" ဟုခေါ်၏။

## ၁။ **သန္တတိဃန**

- ရုပ်တရား နာမ်တရားများ ရှေ့နောက် အဖြစ်အပျက်နဲ့ ဆက်ကာ လုံးခနဲ ခဲခနဲ စုတွဲလျက် ဖြစ်နေမှု။

## ၂။ **သမူဟဃန**

- ရုပ်တရား နာမ်တရားတို့ ဖြစ်ကြသောအခါ ရုပ်တရားသည် ဘယ်အခါမှ တစ်ခုတည်းမဖြစ်။ အနည်းဆုံး အဆင်း၊ အနံ့၊ အရသာ၊ သြဇာ၊ ဓာတ်ကြီးလေးပါး ဖြစ်သော အဋ္ဌကလာပ်ရှစ်ခုသည် တွဲပြီးဖြစ်မှု၊
- စက္ခုဝိညာဏ်စိတ်သည် သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ခုနှင့် ပေါင်းပြီးဖြစ်မှု။

## ၃။ **ကိစ္စဃန**

- ပထဝီဓာတ်သည် ကလာပ်တူရုပ်တရားတို့၏ တည်ရာဖြစ်ခြင်းကိစ္စကို ဆောင်ရွက်မှု၊
- အာပေါဓာတ်သည် ရုပ်တရားများကို တိုးပွားစေခြင်းကိစ္စကို ဆောင်ရွက်မှု၊
- တေဇောဓာတ်သည် ကလာပ်တူ ရုပ်တရားတို့ကို ရင့်ကျက်စေခြင်းကိစ္စကို ဆောင်ရွက်မှု၊
- ဝါယောဓာတ်သည် ရုပ်တရားတို့ကို တွန်းကန်ခြင်းကိစ္စကို ဆောင်ရွက်မှု၊
- ရုပ်နာမ်တရားတို့၏ လုပ်ငန်းကိစ္စရပ်အသီးသီးကို ဉာဏ်ဖြင့် ပိုင်းခြားသိမှု၊
- စက္ခုဝိညာဏ်စိတ်သည် မြင်ခြင်းကိစ္စ၊ ဖဿသည် အာရုံကို တွေ့ထိခြင်း ကိစ္စ၊
- ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်း ကိစ္စကို ဆောင်ရွက်မှု။

၄။ **အာရမ္မဏဈာန**

➯ မြင်သိစိတ်၊ ထိုစိတ်နှင့်အတူဖြစ်သော စေတသိက်တို့သည် ရူပါရုံကို တစ်ခုတည်းအနေဖြင့် အာရုံပြုပြီး သဘာဝသတ္တိ တစ်ခုတည်းဟု ထင်မှတ်ရအောင် စုလျှက် တွဲပြီး ဖြစ်ခြင်း။

❖❖❖❖❖❖❖❖❖❖

ဝိပဿနာရှုရာ၌ အရှုခံနာမ်တရား၊ အရှုဉာဏ်နာမ်တရားဟု နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးလုံး၌ သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန သုံးမျိုးလုံး ပြိုရမည်။

အရှုခံနာမ်တရား၌ ဃနသုံးပါးကို သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန ဟု အသီးသီးခေါ်၏။

အရှုဉာဏ်နာမ်တရား၌ ဃနသုံးပါးကို အာရမ္မဏဃနဟုခေါ်၏။

ရုပ်တရား၌ ဃနလေးမျိုးရှိကြောင်းကို ဆရာစဉ်ဆက် ပြောရိုးရှိသော်လည်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့သည် အာရမ္မဏဃန မရှိကြောင်းကို မိန့်ကြသဖြင့် ဃနသုံးမျိုး သာရှိသည်ဟု မှတ်ရမည်။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၁၁/၁၂/၂၀၂၁
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဇောသိတာဘိဝံသ (USA)
https://winmetta.org